ဖိုကိုလာရေလှုပ်ရှားမှု

# အသက်ပေးသည့်
# နှုတ်တော်ထွက်စကား

ဇန်နဝါရီလ ၂၀၁၇

"ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် ငါတို့ကိုအုပ်စိုးလေပြီ။" (၂ကော် ၅း၁၄ ၂၀)

ရောမမြို့ရှိကျောင်းတစ်ကျောင်းမှ ၁၀ နှစ်အရွယ်ရှိကလေးအချို့သည် အသက်ပေးသည့်နှုတ်တော်ထွက်စကားအား ယခုလိုကျင့်ကြံခဲ့ပါသည်။ "မနေ့ကညနေခင်းမှာ အမေနဲ့ကျွန်တော်တို့ဟာ အမေ့သူငယ်ချင်းတစ်ယောက်နဲ့အတူ အစာထွက်စားဖို့သွားကြပါတယ်။ ကျွန်တော်က စားစရာအပြင် လိုက်ပွဲပါမှာပြီးတော့ အချိုပွဲပါ မှာချင်ပြန်တယ်။ ကျွန်တော့်အမေက တော်တော့ဆိုပြီးပြောပါတယ်။ ကျွန်တော်စိတ်ဆိုးမလို့ပဲ၊ ဒါပေမယ့် သခင် ယေရှုက ကျွန်တော့်မေမေအနားမှာရှိတယ်ဆိုတာသတိရလိုက်တဲ့အတွက် စိတ်ဆိုးမယ့်အစား ပြုံးပြခဲ့ပါတယ်။" "တစ်နေ့တာမောပမ်းခြင်းနဲ့ ကျွန်တော်တို့လည်း အိမ်ပြန်ခဲ့ပါတယ်။ ကျွန်တော်တီဗွီကြည့်နေတုန်းမှာ ညီဖြစ်သူက ကျွန်တော့်ဆီကနေ ရီမုတ်ခလုပ်ကိုယူသွားပါတယ်။ ကျွန်တော်လည်းသူ့ကို အရမ်းစိတ်ဆိုးသွားတယ်၊ သို့ပေမဲ့လည်း စိတ်ကိုလျှော့ပြီး သူ့ကို တီဗွီကြည့်စေခဲ့ပါတယ်။" "ဒီနေ့တော့ အဖေကျွန်တော့်ကိုစကားပြောတုန်းမှာ ကျွန်တော်စိတ်ဆိုးတကြီးနဲ့တုန့်ပြန်ခဲ့ပါတယ်။ အဖေက ကျွန်တော့်ပြုမူပုံကို မနှစ်သက်ဘူးဆိုတာ ကျွန်တော် မြင်ပါတယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း အခုလိုပြုမူမိတဲ့အတွက်ခွင့်လွှတ်ပါလို့ တောင်းပန်စကားဆိုခဲ့ပါတယ်။"

ထိုကလေးများပြောပြခဲ့သည့် အသက်ပေးသည့်နှုတ်တော်ထွက်စကားအတိုင်း ထိုအချိန်က ကျင့်ကြံလိုက်လျှောက်ခဲ့ကြသည့်အတွေ့အကြုံများနှင့် တိုက်ရိုက်ဆက်နွယ်မှုမရှိသည့်တိုင် ချစ်ခြင်းမေတ္တာထားရှိဖို့ တွန်းအားကပင်လျှင် သမ္မာကျမ်းစာတော်မြတ်ကို လက်တွေ့ကျင့်ကြံခြင်း၏ အကျိုးကျေးဇူးပင်ဖြစ်သည်။ ကျွန်ုပ်တို့ကျင့်ကြံရန်ကောက်နှုတ်ယူသည့် မည်သည့်ကျမ်းချက်မဆို သက်ရောက်မှုက အတူတူပင်ဖြစ်သည်။ ယင်းက ကျွန်ုပ်တို့၏အသက်တာများကိုပြောင်းလဲစေသလို စိတ်နှလုံးဝယ် အခြားသူတို့၏လိုအပ်မှုများအတွက် စာနာကူညီလိုစိတ်များဖြစ်စေပြီး ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများအတွက် ပေးဆက်ကူညီနိုင်စွမ်းကို ပေးနေပါသည်။ နှုတ်တော်ထွက်စကားကိုကြိုဆိုလက်ခံလျက် အသက်ရှင်လိုက်အလျှောက်ခြင်းမပြုလျှင် ကျွန်ုပ်တို့အတွင်းဝယ် သခင်ယေရှုကိုရှင်သန်ခွင့်ပေးခြင်းနှင့် ကျွန်ုပ်တို့သည်လည်း ကိုယ်တော်ရှင်ကဲ့သို့ပြုမူခြင်းကို ပြုနိုင်မည်မဟုတ်ပေ။ ထိုအကြောင်းကို ရှင်ပေါလုက ကော်ရိန်သုမြို့သားတို့အားပေးသောစာတွင် ပြောထားခြင်းဖြစ်သည်။

သမ္မာကျမ်းစာတော်မြတ်ကိုမျှဝေဖို့နှင့် သူ၏လူမှုအသိုင်းအဝိုင်းအတွင်း စည်းလုံးခြင်းရှိကြဖို့ ၄င်းကိုယ်တိုင်အားကြိုးမာန်တက်လုပ်ဆောင်ခဲ့ခြင်းမှာ သခင်ယေရှုနှင့် သူ့အကြား လေးနက်သောအတွေ့အကြုံရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ သခင်ယေရှု၏ချစ်ခြင်းမေတ္တာတော်ကို သူသည်ခံစားခဲ့ရပြီးနောက် မိမိ၏အသက်တာကို လုံးဝဥဿုံခဝါချခဲ့ပြီး မည်သူကမျှ သူ့အား သခင်ယေရှုထံမှ ဝေးကွာအောင်မပြုလုပ်နိုင်သည့်အတိုင်းအတာအထိ ရောက်ရှိခဲ့လေသည်။ မိမိကိုယ်တိုင်အတွက်အသက်ရှင်ခြင်းမဟုတ်တော့ဘဲ သခင်ယေရှုသည် သူ့အတွင်း၌ ရှင်သန်ခဲ့သောကြောင့်ဖြစ်သည်။ ဘုရားသခင်က သူ့အားချစ်တော်မူ၍ ရှင်သန်ခွင့်ပေးထားသည်ဆိုသည့်အသိက ရှင်ပေါလု၏

စိတ်ကိုနိုးထစေခဲ့ပြီး လက်တွေ့လုပ်ဆောင်ရန်ပို့ဆောင်ခဲ့ပါသည်။ မလွန်ဆန်နိုင်သောတန်ခိုးတော်က သူ့အား အလားတူ လုပ်ဆောင်ရန်နှင့် အလားတူချစ်ခြင်းမေတ္တာမျိုးထားရန် တိုက်တွန်းခဲ့ပါသည်။

ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် အလားတူထက်သန်သောစိတ်နှင့် ကျွန်ုပ်တို့အားတိုက်တွန်းနေပါ သလား။

အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကို အမှန်တကယ်ကြုံတွေ့ခံစားခဲ့ရပါလျှင် ကိုယ့်အလှည့်ကျလျှင်လည်း ကွဲပြားမှု၊ အမုန်းတရားနှင့် ပဋိပက္ခများရှိရာသို့ ရဲဝံ့စွာဝင်ရောက်ပြီး သဘောတူ နားလည်မှု၊ ငြိမ်းချမ်းခြင်းနှင့် စည်းလုံးခြင်းတို့ကို ဆောင်ကြဉ်းရာတွင် ချစ်ခြင်းမေတ္တာမထားဘဲ နေနိုင်မည် မဟုတ်ပေ။ ချစ်ခြင်းမေတ္တာသည် အခက်အခဲအတားအဆီးအားလုံးကိုကျော်ဖြတ်ပြီး ကျွန်ုပ်တို့အား ချစ်ခြင်းမေတ္တာ ကို ဆောင်ကြဉ်းနိုင်သလို လူအများကြားတွင် နားလည်ပေးခြင်း၊ မျှဝေခြင်း၊ အတူတကွပူးပေါင်းအဖြေရှာခြင်း တို့အားဖြင့် စစ်မှန်သောဆက်သွယ်မှုများကိုလည်းဖန်တီးနိုင်ပေမည်။ ယင်းကား လိုရာကိုသာရွေးချယ်နေဖို့ မဟုတ်၊ စည်းလုံးခြင်းအတွက်ဆိုလျှင် မတရားစွပ်စွဲခြင်း၊ အခက်အခဲများ သို့မဟုတ် ခိုက်ရန်ဖြစ်ပွားနိုင်ခြေရှိမှု စသည်ဖြင့် မည်သည့်အခြေအနေမျိုးမှာပင်ဖြစ်ပါစေ မိမိကိုယ်ကို နောက်တွန့်မသွားစေဘဲ ရှေ့ဆက်လုပ်ဆောင် သွားကြရပါမည်။

အဆိုပါကိုင်တွယ်ဖြေရှင်းမှုသည် အသင်းတော်များပေါင်းစည်းညီညွတ်ရေးတွင် အရေးတကြီးလိုအပ်မှုပင် ဖြစ်သည်။ ခရစ်ယာန်များစည်းလုံးညီညွတ်ခြင်းအတွက် ဆုတောင်းရာရက်သတ္တပတ်ကျင်းပလေ့ရှိသည့် ယခုလ အတွက် ဤအသက်ပေးသည့်နှုတ်တော်ထွက်စကားကို ရွေးချယ်ထားပါသည်။ ခရစ်ယာန်အသင်းတော်များနှင့်တကွ အသိုင်းအဝိုင်းအဖွဲ့အစည်းအသီးသီးတို့သည် အတူတကွကျင့်ကြံလိုက်လျှောက်နိုင်ကြသလို ခရစ်တော်၏ချစ်ခြင်း မေတ္တာတော်၏တိုက်တွန်းနှိုးဆော်မှုဖြင့် အချင်းချင်းရှုမြင်ကြကာ စည်းလုံးခြင်းကို တစ်ဖန်ပြန်လည်တည်ဆောက် ကြရပေမည်။

၁၉၉၇ခုနှစ် ဇွန်လတွင် ဩစတြီးယားနိုင်ငံ၊ ဂရာဇ်မြို့၌ကျင်းပသော ဒုတိယအကြိမ်မြောက် ခရစ်ယာန် အသင်းတော်များညီညွတ်စည်းလုံးရေးဆိုင် ဥရောပညီလာခံဖွင့်ပွဲနေ့တွင်အမှာစကားပြောကြားခဲ့ရာ၌ “ပြန်လည် သင့်မြတ်ခြင်းကိုလိုလားသည့် စစ်မှန်သောခရစ်ယာန်ဆိုသည်မှာ လူတိုင်းတွင် ခရစ်တော်ကိုရှုမြင်နိုင်သလို သူသားတိုင်းအတွက်ပေးဆက်တတ်သော ချစ်ခြင်းမေတ္တာမျိုးဖြစ်သည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့်အတူ အခြားသူများအပေါ် မည်သို့မေတ္တာထားရမည်ကို သိသောသူဖြစ်ပါသည်။ ထိုချစ်ခြင်းမေတ္တာမျိုးသည် မိမိမှ အမြဲတမ်း အစပြုတတ်ပြီး ကိုယ့်ကိုယ်ကိုချစ်သည့်နည်းတူ လူတစ်ဦးချင်းစီအားလည်း မေတ္တာထားနိုင်စေသည်၊ နာကျင်ခံစားခြင်း၌ဖြစ်စေ၊ ဝမ်းမြောက်ပျော်ရွှင်ခြင်း၌ဖြစ်စေ ညီအစ်ကိုမောင်နှမများနှင့် တစ်လုံးတစ်ဝတည်း ဖြစ်စေပါသည်။ အသင်းတော်များသည်လည်း ထိုချစ်ခြင်းမေတ္တာမျိုးထားရှိအပ်ပါသည်။

ကျွန်ုပ်တို့သည်လည်း ရောမမြို့ရှိကျောင်းမှ ထိုကလေးငယ်များကဲ့သို့ပင် ရိုးသားဖြူစင်ပြီး အမှန်တကယ် အလေးထားမှုဖြင့် အလေးအနက် မေတ္တာထားခြင်းဖြင့် အသက်ရှင်နေထိုင်သွားကြရပေမည်။

*Fabio Ciardi, OMI*

*************************************************************